# တရားရုံးချုပ်၊ ရန်ကုန်မြို့

## ၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ - ၉၄

ဒေါ်နော်သန်းသန်းအေး ------------------------------------------ <u>လျှောက်ထားသူ</u>

နှင့်

၁။ ဦးအောင်သိန်း ------------------------------------------------------------ <u>လျှောက်ထားခံရသူများ</u>
၂။ ဦးခင်မောင်ရှိန်

<u>လျှောက်ထားခံရသူ (၂)၏ ထုချေတင်ပြ လျှောက်ထားလွှာ</u>

**လေးစားအပ်ပါသော နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးခင်ဗျား -**

၁။ လျှောက်ထားခံရသူများအပေါ် စွဲဆိုသည့်အကြောင်းမှာ လှိုင်မြို့နယ် တရားရုံး (အင်းစိန် အကျဉ်းထောင် သီးသန့်ရုံး) ၂၀၀၈ ခုနှစ် ပြစ်မှုကြီးအမှတ် ၃၀၇၊ ၃၀၈၊ ၃၀၉၊ ၃၁၀၊ ၃၁၁ တို့၌ တင်သွင်းခဲ့သည့် ရှေ့နေ ကိုယ်စားလှယ် ရုပ်သိမ်းစာတို့၏ အပိုဒ် (၂) တွင် ဖော်ပြထားသော "ပြီးချိန်သော ရုံးချိန်တွင် စပ်စွဲခံရသူ/ စပ်စွဲခံရသူ များက တရားစီရင်ရေးကို မယုံကြည်တော့၍ အမှုကိုဆက်လက်မေးမြန်း ဖြကြားစစ်ဆေးခံ မဆောင်ရွက်နိုင်လို ကြောင်းနှင့် ပေးအပ်ထားသော ရှေ့နေကိုယ်စားလှယ်လွှဲစာကို ပြန်ရုပ်သိမ်းကြောင်း နှုတ်ဖြင့်ဖော်ပြထားပါသည်" ဟူသောစကားရပ်ကို စစ်ဆေးကြားနာသည့် လှိုင်မြို့နယ် တရားသူကြီး ဒေါ်အေးမြိုင်၏ တရားခံများကလည်း ကောင်း၊ တရားရုံးများ၏ရှေ့နေတို့ကလည်းကောင်း၊ တင်ပြထားခြင်းမရှိကြောင်း ရည်ညွှန်းချက် (၃) (၄) ဖြစ်သော လှိုင်မြို့နယ်တရားရုံး၏ ၇၊ ၁၀၊ ၀၈ ရက်စွဲပါနှင့် ၁၅၊ ၁၀၊ ၀၈ ရက်စွဲပါတို့အရသာ တင်ပြကြောင်း တင်ပြချက်ကို အကြောင်းပြု၍ တရားစွဲဆိုခြင်း ဖြစ်ကြောင်းတွေ့ရှိရသည်။

**လေးစားအပ်ပါသော နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးခင်ဗျား -**

၂။ အင်းစိန်အကျဉ်းထောင် သီးသန့်ရုံးထိုင် လှိုင်မြို့နယ်အပါအဝင် တရားရုံးအသီးသီးတွင် စတင်စစ်ဆေး ကြားနာခဲ့သည့်အချိန်များက ရုံးချိန်းနေ့ရက်အသီးသီးတွင် မိသားစုများအနေဖြင့် တရားခွင်၌ အမှုစစ်ဆေးကြား နာသည်ကို နားထောင်ခွင့်၊ အစားအသောက်ကျွေးမွေးခွင့် ရခဲ့ပါသည်။ ၃၊ ၁၀၊ ၀၈ ရက်နေ့ နောက်ပိုင်းမှစ၍ တရားခံများနှင့် ၎င်းတို့၏မိသားစုတွင် ထိုအခွင့်အရေးမရကြတော့ပါ။ ယင်းအပေါ်ကျေနပ်မှုမရှိသည့် တရားခံများ က ရုံးချိန်းနေ့တို့တွင် ဤကဲ့သို့ပင် တင်ပြခြင်း၊ ရှေ့နေကိုယ်စားလှယ်ရုပ်သိမ်းပြီး မေးမြန်းအစစ်ခံခြင်းတို့ မပြုကြ တော့သည်များရှိလာခဲ့သည်။

သို့ဖြင့် ၆၊ ၁၀၊၂၀၀၈ ရက်နေ့ လှိုင်မြို့နယ်တရားရုံး၏ တရားခံ ကိုထွန်းထွန်းဦး၊ ကိုမောင်မောင်လတ်၊ ကိုအောင်ကျော်မိုး၊ မထားထားသက်တို့ (၄) ဦးအပေါ် စွဲဆိုထားသည့် အမှု (၅) မှု စစ်ဆေးမှုအပြုမီ တရားခံ (၄) ဦး ကိုယ်စား ကိုထွန်းထွန်းဦးက မိသားစုနားထောင်ခွင့် မရတော့သည့်ကိစ္စနှင့် တရားစီရင်မှုအပေါ် ကျေနပ်ရုံကြည်မှု

မရှိတော့သည့်အတွက် ရှေ့နေများအနေဖြင့် ပြန်လှန်မေးမြန်းခြင်းမပြုရန်နှင့် လာမည့်ရုံးချိန်းတွင် ရှေ့နေကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းမည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် မေးမြန်းဖြေကြားအစစ်ခံမှုမပြုတော့ကြောင်း ရုံးတော်သို့ တင်ပြခဲ့ပါသည်။

ယင်းအပေါ် ရှေ့နေများက လျှောက်ထားတင်ပြရန် ရုံးထိုင်တရားသူကြီး ဒေါ်အေးမြိုင်က ညွှန်ကြားရာ ယခုလျှောက်ထားခံရသူ (၁) ရှေ့နေဦးအောင်သိန်းက မှတ်တမ်းရေးမှတ်စေလျက် တရားခံများတင်ပြမှုအပေါ် လျှောက်ထားတင်ပြခဲ့ပါသည်။ လျှောက်ထားခံရသူ (၂) ကိုယ်တိုင်ကလည်း ထပ်ဆင့်တင်ပြမှု ပြုခဲ့ပါသည်။ တရားသူကြီးက ဥပဒေအားကိုးအားထားဖြင့် တင်ပြရန်ပြောသည့်အတွက် ရှေ့နေနှင့်အမှုသည်အကြား ဆက်သွယ်ညွှန်ကြားမှုအရ ပြန်လှန်မေးမြန်းခြင်းမပြုရန်နှင့် ကိုယ်စားလှယ်စာရုပ်သိမ်းရန်တို့ကို အမှုသည်တို့ ဆန္ဒအရ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ လာမည့်ရုံးချိန်းတွင် ရှေ့နေကိုယ်စားလှယ်ရုပ်သိမ်းပေး မည်ဖြစ်ကြောင်း တင်ပြခွင့်တောင်းလျက် တရားခွင့်မှ ရှေ့နေနှစ်ဦးလုံး ထွက်ခွါပေးခဲ့ပါသည်။ ထိုဖြစ်စဉ်ကို ရုံးထိုင် တရားသူကြီး ဒေါ်အေးမြိုင် အသိပင်ဖြစ်ပါသည်။

နောက်ရုံးချိန်း ၁၃၊ ၁၀၊ ၂၀၀၈ နေ့တွင် တရားခွင် စစ်ဆေးမှုမပြုမီ ယခုလျှောက်ထားခံရသူ (၂) က အဆင်သင့်မဖြစ်သေး၍ ရုံးချိန်းရက်တွင်မှ ရှေ့နေကိုယ်စားလှယ်စာရုပ်သိမ်းလွှာ တင်ပေးမည်ဖြစ်ကြောင်း အမှုသည်တရားခံများ အတည်ပြုသိရှိလျက် ရုံးတော်သို့ တင်ပြခဲ့ပါသည်။ ထိုနောက်တရားခွင်မှ ချက်ခြင်းပင် ထွက်ခွာပေးခဲပါသည်။

၂၀၊ ၁၀၊ ၂၀၀၈ နေ့ ရုံးချိန်းရက်တွင် လျှောက်ထားခံရသူတို့က အမှု (၅) မှုအတွက် ကိုယ်စားလှယ်စာရုပ်သိမ်းလွှာအား လျှောက်ထားခံရသူ (၂) အနေဖြင့် တရားခွင်ရှေ့ပတွင်ပင် အမှုသည်တရားခံတို့ သေချာဖတ်ရှုကာ ၎င်းတို့တင်ပြချက်အတွက် လက်မှတ်အသီးသီးထိုးကြလျက် ရုံးတော်သို့ တင်ပြပေးခဲ့ပါသည်။ ထိုစဉ်က လျှောက်ထားခံရသူ - ၁ နှင့် ၂ တို့ လက်မှတ်များလည်း ပါရှိပြီးဖြစ်ပါသည်။ တရားသူကြီးစာပိုဒ် ၂ ပါ စကားရပ်များ ပြီးခဲ့သည့်ရုံးချိန်းက မပြောခဲ့ကြောင်းပြောရာ တရားခွင်ရှေ့ရှိ တရားခံ (၄) ဦးအနက်မှ ကိုထွန်းထွန်းဦးက ထိုသို့ ပြောခဲ့ တင်ပြခဲ့ကြောင်း ပြောပြသည့်နည်းတူ ကိုအောင်ကျော်မိုးကလည်း ပြောခဲ့ တင်ပြခဲ့ပါကြောင်း ထပ်မံတင်ပြရန်လိုသည်ဆိုက ထပ်မံတင်ပြပေးမည်ဖြစ်ကြောင်းပြောရာ ရုံးထိုင်တရားသူကြီး ဒေါ်အေးမြိုင်က နောက်ကျသွားပြီး မပြောနဲ့ဟု ညွှန်ကြားအမိန့်ပေးခဲ့ပါသည်။ တရားခံများကိုယ်တိုင်လက်မှတ်ရေးထိုးခြင်း၊ ဖြေရှင်းခြင်းတို့အရ တရားခွင်အား အရိုအသေပြုပြီး ထွက်ခွာခဲ့ပါသည်။

၃။ ထိုအပြင် လှိုင်မြို့နယ်တရားသူကြီး ဒေါ်အေးမြိုင် တင်ပြအစီရင်ခံစာ၌ "စစ်ဆေးခဲ့ပြီး တရားခံများမှ ပြန်လှန်မေးမြန်းခြင်း တစုံတရာ တင်ပြခြင်းမရှိပါ" စကားရပ်သည် တရားခံများကိုယ်တိုင်က စာပိုဒ် ၂ ပါစကားရပ်အတိုင်း ပြောဆိုခဲ့သောကြောင့် ထိုသို့ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပေါ်လွင်သည့်နည်းတူ အမှု (၅)မှု၏ ရှေ့နေကိုယ်စားလှယ်စာ ရုပ်သိမ်းလွှာတို့၏ အပိုဒ် (၂)ပါစကားရပ်အတွက် တရားခံများကိုယ်တိုင် လက်မှတ်ရေးထိုးထားခြင်း ဖြစ်သည်ကို တွေ့ရမည်ဖြစ်ပေသည်။ ထိုစကားရပ်တို့အား တရားခံများက ပြောခဲ့ခြင်းမရှိပါက ထိုသို့လက်မှတ်ရေးထိုးပေးရန် အကြောင်းရှိမည်မဟုတ်ကြောင်း ပေါ်ပေါက်လျက်ရှိပါသည်။ ယင်းအချက်နှင့်ပတ်သက်၍ နိုင်ငံတော် တရားသူကြီးချုပ်ကိုယ်တိုင်က " ဒေါ်အေးအေးမြိုင်၏ ပြောပြချက်အရ တရားခံများမှ ဤကိစ္စဘာမျှ မသိပါကြောင်းပြောသည်ဟုဆို၍ လျှောက်လွှာတွင် ၎င်းတို့လက်မှတ်ပါလာသည်။ ဤကိစ္စရှင်းလင်းစေရန် မေးမြန်းဖို့လိုသည်" ဟု အမှုတွဲ၌ မှတ်ချက်ပြုထားသည်ကိုလည်း တွေ့ရမည်ဖြစ်ပါသည်။

ယခုလည်း လျှောက်ထားခံရသူတို့၏ လျှောက်ထားလွှာနှင့်အတူ တရားခံကိုထွန်းထွန်းဦး၏ဇနီး ဒေါ်ခင်မာဝင်းနှင့် တရားခံကိုအောင်ကျော်မိုးတို့၏ဇနီး ဒေါ်ဝင်းမော်တို့၏ ထောင်ဝင်စာတွေ့ခဲ့သည့် ရက်အသီးသီး၌ ခင်ပွန်းဖြစ်သူတို့က အမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ မိသားစုနားထောင်ခွင့် မရတော့ခြင်းအပေါ်တင်ပြခြင်း၊ တရားစီရင်ရေးကို မယုံကြည်တော့၍ဆိုသည့်စကားပြောဆိုခဲ့ခြင်း၊ ရှေ့နေကိုယ်စားလှယ်စာရုပ်သိမ်းခြင်း၊ မေးမြန်းစစ်ဆေးမှုမပြုတော့ခြင်း စသည်တို့အား တင်ပြဆောင်ရွက်ခဲ့ကြောင်း ပြောခဲ့မှုတို့အား ဒေါ်ခင်မာဝင်း၊ ဒေါ်မော်အေးတို့က ကျမ်းကျိန်လွှာဖြင့် ကျမ်းကျိန်ရန် ဆောင်ရွက်ရာတွင် ကျမ်းကျိန်ခြင်းလုံးဝမခံရသည့်အတွက် အရှိအတိုင်းဖြစ်သော အနေအထားအရ ပူးတွဲတင်ပြအပ်ပါသည်။

**လေးစားအပ်ပါသော နိုင်ငံတော်တရားရားရုံးချုပ် တရားသူကြီးခင်ဗျား -**

၄။ ထိုဖြစ်စဉ်များ အထောက်အထားများတို့ကို ထောက်ရှုမည်ဆိုပါက ယခုအမှုစွဲဆိုရသည့် ရှေ့နေကိုယ်စားလှယ် ရုပ်သိမ်းလွှာအပိုဒ် (၂) တွင် တရားခံများက ပြောခဲ့ပါသည်ဟု ဖော်ပြထားသည့်စကားရပ်ကို တရားခံတို့က အမှန်တကယ်ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ပြီးခဲ့သည့်ရုံးချိန်းရက်က ဆိုရာတွင်လည်း ၆၊ ၁၀၊ ၀၈ နေ့ ရုံးချိန်းကိုရည်ရွယ်ပြီး ၁၃၊ ၁၀၊ ၀၈ ရုံးချိန်းတွင် ဆောင်ရွက်မှုမှာ ထိုအခြေခံတင်ပြမှု အဆက်အရ အတည်ပြုတင်ပြမှုသာဖြစ်ကြောင်း မြင်သာထင်ရှားလျက်ရှိပါကြောင်း လျှောက်ထားခံရသူတို့က မရိုးမဖြောင့် ဆောင်ရွက်ခဲ့ခြင်းမဟုတ်ပါကြောင်း တရားရုံးတော်သို့ ရှေ့နေကိုယ်စားလှယ်စာ ရုပ်သိမ်းလွှာအား တရားခံတို့၏ ရုပ်သိမ်းမှုအကြောင်း တင်ပြမှုသက်သက်မျှဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

၅။ တဖန် လျှောက်ထားခံရသူတို့အနေဖြင့် အင်းစိန်အကျဉ်းထောင်ရုံးထိုင် အခြားသီးသန့်တရားရုံးအချို့တွင်လည်း အမှုသည် တရားခံအသီးသီးတို့က ဤသို့တင်ပြပြီး ရှေ့နေကိုယ်စားလှယ်စာ ရုပ်သိမ်းခံထားရမှုများလည်းရှိကာ ဤသို့တရားခံများက တင်ပြဆောင်ရွက်မှုမရှိသော ကျန်အမှုအတော်များများတွင် လိုက်ပါဆောင်ရွက်ပေးသည်ကိုလည်းကောင်း၊ လျှောက်ထားခံရသူတို့အနေဖြင့် တရားစီရင်ရေးတွင် လေးစားရိုသေစွာ လိုက်ပါဆောင်ရွက်လျက်ရှိသည်မှာ ထင်ရှားလျက်ရှိသည်ကိုလည်းကောင်း တရားရုံးချုပ် ရုံးတော်မှ ထည့်သွင်းသုံးသပ်နိုင်ရန် တင်ပြအပ်ပါသည်။

ထို့ကြောင့် ရှေ့နေကိုယ်စားလှယ်စာ ရုပ်သိမ်းလွှာအပိုဒ် (၂) ပါစကားရပ်မှာ တရားခံများကပြောကြားခဲ့ခြင်းမရှိဘဲ လျှောက်ထားခံရသူတို့က ဖော်ပြမှုဖြစ်သည်ဆိုပါက တရားရုံးများမထေမဲ့မြင်ပြုမှု အက်ဥပဒေပုဒ်မ - (၃) နှင့် ငြိစွန်းသည်ဆိုခြင်းကို မငြင်းပါ။ ရုံးတော်မှပေးသည့် ပြစ်ဒဏ်ကို ကျေနပ်စွာခံယူမည်ဖြစ်ပါသည်။ သို့သော် တရားခံများက အမှန်တကယ်ပြောကြားခဲ့ခြင်းဖြစ်သော စကားရပ်များကို ထိုသို့ပြောဆိုတင်ပြခဲ့ကြောင်း တရားခံများပြောစကားအဖြစ် ဖော်ပြခဲ့ခြင်း၊ တရားခံများကိုယ်တိုင်၏ လက်မှတ်အသီးသီးလည်း ပါရှိမည်ဖြစ်ခြင်းတို့ ဖြစ်ပါလျက် လျှောက်ထားခံရသူ (၂) ဦးအပေါ် တရားရုံးများ မထေမဲ့မြင်ပြုမှု အက်ဥပဒေပုဒ်မ (၃)အရ အရေးယူဆောင်ရွက်ခြင်း ပြုမည်ဆိုပါလျှင် ဥပဒေနှင့် ညီညွတ်မှု မရှိဟု သဘောရိုးဖြင့် ယုံကြည်ပါသည်။ လျှောက်ထားခံရသူတို့အတွက်လည်း များစွာ နစ်နာမှုရှိမည် ဖြစ်ပါသည်။

ထို့ကြောင့် ရှေ့နေကိုယ်စားလှယ် ရုပ်သိမ်းလွှာအပိုဒ် (၂)ပါ စကားရပ်မှာ တရားခံများက ပြောကြားခဲ့ခြင်း မရှိဘဲ လျှောက်ထားခံရသူတို့က ဖော်ပြမှုဖြစ်သည်ဆိုပါက တရားရုံးများ မထေမဲ့မြင်မှု အက်ဥပဒေပုဒ်မ (၃)နှင့် ငြိစွန်းသည် ဆိုခြင်းကို မငြင်းပါ။ ရုံးတော်မှပေးသည့် ပြစ်ဒဏ်ကို ကျေနပ်စွာခံယူမည်ဖြစ်ပါသည်။ သို့သော် တရားခံများက အမှန်တကယ်ပြောကြားခဲ့ခြင်းဖြစ်သော စကားရပ်များကို ထိုသို့ပြောဆိုတင်ပြခဲ့ပြီး ရှေ့နေကိုယ်စားလှယ်စာရုပ်သိမ်းခြင်းဖြစ်ကြောင်း တရားခံများပြောသောစကားအဖြစ်ဖော်ပြခဲ့ခြင်း တရားခံများကိုယ်တိုင်၏ လက်မှတ်အသီးသီးလည်း ပါရှိပြီးဖြစ်ခြင်းတို့ဖြစ်ပါလျက် လျှောက်ထားခံရသူ (၂) ဦးအပေါ် တရားရုံးမှ မထေမဲ့မြင်ပြုမှု အက်ဥပဒေပုဒ်မ (၃)အရ အရေးယူဆောင်ရွက်ခြင်းပြုမည်ဆိုပါလျှင် ဥပဒေနှင့် ညီညွှန်ခြင်းမရှိဟု သဘောရိုးဖြင့် ယုံကြည်ပါသည်။ လျှောက်ထားခံရသူတို့အတွက်လည်း များစွာနစ်နာမှု ရှိမည်ဖြစ်ပါသည်။

၆။ သို့ဖြစ်သောကြောင့် လျှောက်ထားသူ၏ လျှောက်ထားလွှာအား ပလပ်စေသည့်အမိန့် သို့တည်းမဟုတ် ဤတရားရုံးချုပ် ရုံးတော်က သင့်တော်သည်ဟု ထင်မြင်သည့် အခြားအမိန့်တရပ်ရပ်ကို ချမှတ်ပေးသင့်ကြောင်း လေးစားစွာ လျှောက်ထားတင်ပြအပ်ပါသည်။

**လေးစားအပ်ပါသော နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးခင်ဗျား-**

အထူးတင်ပြလိုသည်မှာ လျှောက်ထားခံရသူ (၂) အနေဖြင့် (၂၉၊ ၇၊ ၈၈) ရက်နေ့မှစတင်၍ တရားရုံးအဆင့်ဆင့်နှင့် တရားရုံးချုပ်တို့တွင် အမှုများလိုက်ပါဆောင်ရွက်ခဲ့ရာ၌ တရားရုံးချုပ်ရှေ့နေကျင့်ဝတ်၊ ဥပဒေ၊ ကျင့်ထုံး၊ လုပ်နည်း၊ တရားစီရင်ရေးမူတို့နှင့်အညီ ကောင်းစွာလိုက်ပါဆောင်ရွက်ခဲ့သူဖြစ်ပါသည်။ ပြစ်မှုတစုံတရာ ငြိစွန်းမှုသော်လည်းကောင်း၊ သတိပေးတားမြစ်ခံမှုသော်လည်းကောင်း အလျှင်မရှိခဲ့ပါ။ ထို့ကြောင့် တရားရုံးများ မထေမဲ့မြင်ပြုမှု အက်ဥပဒေပုဒ်မ -၃ အရ ငြိစွန်းစေနိုင်သော အကြောင်းအရာ စကားရပ်များနှင့် ထုခြေဖြေရှင်းရမည့် ကိစ္စရပ်မျိုးများ နောက်နောင်ပေါ်ပေါက်ခြင်း မရှိစေရန် အထူးသတိကြီးစွာထား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

လေးစားစွာဖြင့်